# မီဒီယာထံ အကြောင်းကြားစာ

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများအား ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ လုပ်ငန်းအဖွဲ့ United Nations Human Rights Council’s Universal Periodic Review (UPR) Working Group မှ ပြန်လည် သုံးသပ်စစ်ဆေးမည်။

ဂျီနီဗာ(နိုဝင်ဘာ၊၃၊၂၀၁၅) မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ လုပ်ငန်းအဖွဲ့ Universal Periodic Review (UPR) Working Group မှ နိုဝင်ဘာ (၆) ရက်၊၂၀၁၅ သောကြာနေ့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် သုံးသပ်စစ်ဆေးမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးကို အွန်လိုင်းမှ တဆင့်တိုက်ရိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

နိုဝင်ဘာလ (၂ မှ ၁၃ ရက်) နေ့အထိ ကျင်းပမည့် အစည်းအဝေးတွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့် အရေးကောင်စီ လုပ်ငန်းအဖွဲ့မှ နိုင်ငံပေါင်း (၁၄) နိုင်ငံအား သုံးသပ်စစ်ဆေး သွားမည်ဖြစ်ပြီး၊ မြန်မာ နိုင်ငံသည် အဆိုပါ(၁၄)နိုင်ငံထဲမှ တစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမအကြိမ် လူ့အခွင့်ရေးဆိုင် ရာ မှတ်တမ်းများအား သုံးသပ်စစ်ဆေးခြင်းကို (ဇန်နဝါရီလ၊၂၇ ရက်၊၂၀၁၁) တွင်ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများအား သုံးသပ်စစ်ဆေးရာတွင် အောက်ဖော်ပြပါ အထောက် အထား၊ အချက်အလက်များအပေါ် အခြေခံပြီး သုံးသပ်စစ်ဆေး ဆောင်ရွက် သွားမည် ဖြစ်သည်။

၁။ သက်ဆိုင်ရာနိုင်ငံမှ တင်သွင်းသော လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတွင် ပါဝင်သော သတင်း အချက်အလက်များ။

၂။ လူ့အခွင့်အရေးဆိုင်ရာ အထူးလုပ်ထုံးလုပ်နည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် များနှင့် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၏ စီမံမှုအောက်တွင်ရှိသော လွတ်လပ်သော လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များမှ ရရှိထား သော သတင်းအချက်အလက်များ၊ အစီရင်ခံစာများတွင်ပါဝင်သော သတင်းအချက်အလက် များ။

၃။ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အမျိုးသားအဆင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများက တင်ပြလာသော သတင်းအချက်အလက်များတို့ ဖြစ်သည်။

အထက်ဖော်ပြပါ အစီရင်ခံစာ စာတမ်းများတွင် တင်ပြထားသော အကြောင်းအရာများမှာ ကျား၊မ တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင် ဆောင်ရွက်ခွင့်ရရှိရေး၊ ပဲရစ်အခြေခံမူများအရ အမျိုးသားအဆင့် လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းရေး၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များအား ကန့်သတ်ချုပ်ချယ်ထားခြင်းများအား ပယ်ဖျက်ပေးရေး၊ သေဒဏ်ချမှတ်ခြင်းအား ရုတ်သိမ်းရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ခြင်းများ၊ ရဲတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်ရာ တွင် အင်အားအလွန်အကျွံ အသုံးပြုခြင်းများ၊ လုပ်ထုံးလုပ်နည်းနှင့်မညီသော ဖမ်းဆီးခြင်းနှင့် ထိန်း သိမ်းခြင်းများ၊ တရားမျှတသော ရုံးတင်စစ်ဆေးခြင်း မပြုလုပ်ဘဲ ပြစ်ဒဏ်များအား လျင်မြန်စွာ ချ၍ သေဒဏ်ပေးခြင်း (သို့) ကွပ်မျက်ခြင်း၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ လွတ်လပ်မျှတသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာရေး၊ လက်နက်ကိုင် ပဋိပက္ခနှင့် ကလေးသူငယ်များ၊ အဓမ္မ အတင်းအကြပ် ခိုင်းစေမှုများ၊ အမျိုးသမီးများ လူကုန်ကူးမှုခံရခြင်းများ၊ အကျဉ်းထောင်များနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများမှ ရွှေ့ပြောင်းဒုက္ခသည်စခန်းများ၏ အခြေအနေ များ၊ ရိုဟင်ဂျာနှင့် မူဆလင်များအား ခွဲခြားဆက်ဆံခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြန့်နှံ့ လာခြင်း၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ ရာဇဝတ်မှု ကျူးလွန်ရာမြောက်သော အနိမ့်ဆုံး အသက် အပိုင်းအခြားနှင့် နိုင်ငံမဲ့ဖြစ်နေသောသူများ၏ လူဦးရေအခြေအနေတို့ ဖြစ်သည်။

နိုဝင်ဘာ(၆)ရက်နေ့တွင် ပြုလုပ်မည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းများ သုံးသပ် စစ်ဆေးရာ၌ အခြေခံထားသည့် အစီရင်ခံစာ သုံးစောင်ကို အောက်ဖော်ပြပါ အင်တာနက်လင့်တွင် တွေ့ရှိ နိုင်ပါသည်။
http://www.ohchr.org/EN/HRBodies/UPR/Pages/MMSession23.aspx

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | ။ | ။ အခန်းအမှတ်(၂၀)၊Palais des Nations၊ ဂျီနီဗာ၊ |
| ကျင်းပမည့် အချိန်နှင့် နေ့ရက် | ။ | ။ မနက် ၉ နာရီမှ နေ့လည် ၁၂း၃၀ ထိ၊ သောကြာနေ့၊ နိုဝင်ဘာ ၆ရက်၊ (Geneva time, GMT +1 hour) |

Universal Periodic Review (UPR) သည် ထူးခြားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ မှတ်တမ်းများကို ပုံမှန် သုံးသပ်

စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ Universal Periodic Review (UPR) ၏ ပထမဆုံးအစည်းအဝေးကို ၂၀၀၈ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပြီး၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း (၁၉၃)နိုင်ငံ၏ လူ့အခွင့်အရေး ဆိုင်ရာ အစီရင်ခံစာ မှတ်တမ်းများကို သုံးသပ်စစ်ဆေးခဲ့သည်။ ဒုတိယအကြိမ် အစည်းအဝေးတွင် ယခုအထိ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၄၀) နိုင်ငံ၏ အစီရင်ခံစာမှတ်တမ်းများကို သုံးသပ်စစ်ဆေးခဲ့ပြီး ဖြစ်သည်။ ပထမအကြိမ် သုံးသပ်စစ်ဆေးပြီး နောက်ပိုင်းတွင် ဖြစ်ပေါ်လျှက်ရှိသော နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ယခု ဒုတိယအကြိမ် အစည်းအဝေး၌ အဓိက အလေးထား ပြီး စိတ်ဝင်တစား ဆွေးနွေးသွားကြမည် ဖြစ်သည်။ ထို့အပြင် ပထမအကြိမ် သုံးသပ်စစ်ဆေးခဲ့စဉ်က နိုင်ငံများမှ မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်များကို သက်ဆိုင်ရာနိုင်ငံအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ဖော်ထုတ်တင်ပြခွင့် ပေးမှာ ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်မှ ဦးဆောင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအား သုံးသပ်စစ်ဆေးရာတွင် ပါဝင်မည့် ကုလသမဂ္ဂအဖွဲ့၏ ကိုယ်စားလှယ် သုံးဦးမှာ ဂါနာ၊ မော်လ်ဒိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဖြစ်သည်။ အဆိုပါအစည်းအဝေးအား အွန်လိုင်းမှ ထုတ်လွှင့်ခြင်းကို http://webtv.un.org တွင်လည်း ကြည့်ရှုနိုင်ပါသည်။

အဆိုပါအစည်းအဝေးတွင် အမှာစကားပြောကြားမည့်သူများစာရင်းနှင့် မြန်မာနိုင်ငံအား သုံးသပ်စစ်ဆေးသည့် အစည်းအဝေးတွင် ပြောကြားသည့် တင်ပြချက်များ၊ သတင်းထုတ်ပြန်ချက်များကို အောက်ဖော်ပြပါ အင်တာနက်လင့်တွင် တင်ပေးထားမည် ဖြစ်ပါသည်။
link [username:  hrc extranet (with space); password: 1session]:
https://extranet.ohchr.org/sites/upr/Sessions/23session/Myanmar/Pages/default.aspx

Universal Periodic Review (UPR) လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အကြံပြုချက်များကို နိုဝင်ဘာ(၁၀)ရက်နေ့၊ ညနေ ၅း၃၀တွင် တင်ပြရန် စီစဉ်ထားသည်။ အကြံပြုချက်များနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံ၏ အနေအထားကို ထင်ဟပ်သည့် သင်၏ထင်မြင်ယူဆချက်များကို သုံးသပ်စစ်ဆေးခြင်းခံရသော နိုင်ငံက ထုတ်ဖော် ပြောကြားစေလိုပါလိမ့်မည်။ နိုဝင်ဘာ(၁၀)ရက်နေ့တွင် အကြံပြု ပြောကြားချက်များကို မီဒီယာများအား ကြိုတင်အသိပေးမည် ဖြစ်သည်။

**ENDS**

နောက်ထပ်သိရှိလိုသော အချက်များရှိပါက (သို့မဟုတ်) မီဒီယာနှင့်ပတ်သက်ပြီး
သတင်းအချက်လက်ရယူ ဆောင်ရွက်လိုပါက
*Rolando Gómez at +41 (0) 22 917 9711 / rgomez@ohchr.org or*
*Cédric Sapey at +41 (0) 22 917 9695 / csapey@ohchr.org* တို့အား ဆက်သွယ်နိုင်ပါသည်။

*Universal Periodic Review (UPR)* နှင့် ပတ်သက်ပြီး နောက်ထပ်သိရှိလိုပါက အောက်ဖော်ပြပါလင့်
တွင်ဖတ်ရှုနိုင်ပါသည်။
*http://www.ohchr.org/EN/HRBodies/UPR/Pages/UPRMain.aspx*

ကုလသမဂ္ဂ လူ့အခွင့်ရေးကောင်စီနှင့် ပတ်သက်ပြီး ဆက်သွယ်လိုပါက အောက်ဖော်ပြပါ လူမှု
ကွန်ယက်များတွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။
Facebook: https://www.facebook.com/UNHRC
Twitter: https://twitter.com/UN_HRC
YouTube: http://www.youtube.com/channel/UCokQuTYVvkwQb_A3TsSUm-g

---------------------------------------------------------------------------------------------